“မည်သူမဆို မသမာသောကျိန်ဆိုချက်ဖြင့်

မွတ်စ်လင်မ်တစ်ဦး၏ ဥစ္စာပစ္စည်းကို သိမ်းယူရန်

ကျိန်ဆိုပါက၊ ထိုသူသည် အလ္လာဟ်အရှင်မြတ်

အမျက်တော်ရှိနေချိန်တွင် အရှင်မြတ်နှင့်

ဆုံတွေ့ရမည်ဖြစ်သည်

အဗ်ဒုလ္လာဟ် ဗင်န် မတ်စ်အူးဒ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။
အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်။ “မည်သူမဆို မသမာသောကျိန်ဆိုချက်ဖြင့် မွတ်စ်လင်မ်တစ်ဦး၏ဥစ္စာပစ္စည်းကို သိမ်းယူရန် ကျိန်ဆိုပါက၊ ထိုသူသည် အလ္လာဟ်အရှင်မြတ်
အမျက်တော်ရှိနေချိန်တွင် အရှင်မြတ်နှင့် ဆုံတွေ့ရမည်ဖြစ်သည်။” ဆင့်ပြန်သူက
ပြောပြသည်။ ထိုအခါ အရှ်အတ်စ်က ပြောသည်မှာ- “အလ္လာဟ်အရှင်မြတ်ကို
တိုင်တည်ကျိန်ဆိုပါသည်။ ထိုအကြောင်းအရာသည် ကျွန်ုပ်နှင့်ပတ်သတ်၍ ဖြစ်ခဲ့သောအကြောင်းအရာဖြစ်ပါသည်။ ကျွန်ုပ်နှင့် ယဟူဒီတစ်ဦးကြားတွင် မြေကွက်တစ်ခုနှင့်
ပတ်သက်၍ အငြင်းပွားဖြစ်ခဲ့သည်။ သူက ငြင်းဆန်သဖြင့် ကျွန်ုပ်ကတမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)ထံ တင်ပြခဲ့သည်။ တမန်တော်မြတ်က
‘သင့်တွင် သက်သေ ရှိသလော’ ဟု မေးတော်မူရာ ကျွန်ုပ်က ‘မရှိပါ’ ဟု လျှောက်ထား‌ခဲ့သည်။ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က ယဟူဒီအား ‘သင်ကျိန်ဆိုလော့’ ဟု မိန့်တော်မူသည်။ ကျွန်ုပ်က ‘အို အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်‌တော်၊
ထိုသို့ဆိုလျှင် သူကျိန်ဆိုပြီး ကျွန်ုပ်၏ ဥစ္စာပစ္စည်းကို ယူသွားပါလိမ့်မည်’ ဟု
လျှောက်ထားခဲ့သည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်က {အမှန်စင်စစ် အကြင်သူများသည်
အလ္လာဟ်အရှင်မြတ်နှင့် ပြုလုပ်ထားသော ကတိကဝတ်နှင့် သူတို့၏ ကျိန်ဆိုချက်များကို
အဖိုးအခ အနည်းငယ်ဖြင့် လဲလှယ် ရောင်းချကြသည်။} ဟူသော အာယတ်တော်ကို အဆုံးအထိချပေးသနားတော်မူခဲ့သည်။” [صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ကသိလျက်ဖြင့် အလ္လာဟ်အရှင်မြတ်ကိုလိမ်လည်ကျိန်ဆို၍ အခြားသူ၏ဥစ္စာပစ္စည်းကို မတရားသိမ်းယူသော သူအား သတိပေးခဲ့ပြီး၊ထိုသူသည် အလ္လာအရှင်မြတ် အမျက်ထွက်တော်မူသည့် အခြေအနေဖြင့် အရှင်မြတ်နှင့်တွေ့ဆုံရမည်ဟု မိန့်ကြားတော်မူခဲ့သည်။ ထိုအခါ အရှ်အတ်ဆ် ဗင်န် ကိုင်စ် (ရဿွိယလ္လာဟုအန်ဟု) က တင်ပြခဲ့သည်မှာ- တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ကထိုအ‌ကြောင်းအရာကို မိန့်ကြားခဲ့ခြင်းမှာ မြေတစ်ကွက်၏ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍၎င်းနှင့် ယဟူဒီတစ်ဦးကြား အငြင်းပွားမှုဖြစ်ခဲ့ပြီး ၊ ၎င်းတို့နှစ်ဦးစလုံးမှာတမန်တော်မြတ်ထံ အဆုံးအ ဖြတ်ခံရန် တင်ပြခဲ့သည်။ ထိုအခါတမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က အရှ်အက်ဆ်အား မိန့်ကြားတော်မူသည်- သင်၏အဆိုကို အတည်ပြုနိုင်ရန် သက်သေအ ထောက်အထား အသင့်မှာရှိရမည်။ သို့မဟုတ်ပါကသင်၏ပြိုင်ဘက် (စွပ်စွဲခံရသူ)၏ ကျိန်ဆိုခြင်းကို လက်ခံခြင်းမှတစ်ပါး အသင့်အတွက်အခြားမရှိချေ။ထိုအခါ အရှ်အက်ဆ်က ဤသို့လျှောက်ထားခဲ့သည်။ ‘အို အလ္လာဟ်အရှင်မြတ်၏

http://sunnah.global/hadeeth/my/show/2980